# ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၉၂

**ဦးဌေးလွင်** **နှင့်** **ဦးထွန်းဝင်း**

(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးဝေဖြိုးသာ)

တရားလို တရားပြိုင်

တရားလိုအတွက်။ ဒေါ်ခင်သီတာလွင်၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက်။ ကိုယ်တိုင်၊ မလာ

**စီရင်ချက်**

၂၀၁၉ ခုနှစ် စက်တင်ဘာလ (၁၀)ရက်

အမှုမှာ တရားလိုက တရားပြိုင်အပေါ် “(၁၇-၈-၂၀၁၈)ရက်စွဲပါ ကုန်ပစ္စည်းတန်ဖိုး ကျပ်သိန်း ၄၉၄၄၀၀၀၀/-(ကျပ်သိန်းလေးရာကိုးဆယ်လေးသိန်းလေးသောင်းတိတိ)အနက်မှ ကျန်ငွေ ကျပ်သိန်း ၂၉၄၄၀၀၀၀/-(ကျပ်သိန်းနှစ်ရာကိုးဆယ်လေးသိန်းလေးသောင်းတိတိ) နှင့်(၂၅-၈-၂၀၁၈)ရက်စွဲပါ ကုန်ပစ္စည်းတန်ဖိုး ကျပ်သိန်း ၂၂၀၈၀၀၀၀/-(ကျပ်သိန်းနှစ်ရာနှစ်ဆယ်ရှစ်သောင်းတိတိ) စုစုပေါင်းပေးရန် ကျန်ရှိသည့် ကုန်ပစ္စည်းတန်ဖိုး ကျပ်သိန်း ၅၁၅၂၀၀၀၀/-(ကျပ်သိန်းငါးရာတစ်ဆယ့်ငါးသိန်းနှစ်သောင်းတိတိ) ရလိုမှု” စွဲဆိုခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် “ဌေး”မိသားစုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင် ဖွင့်လှစ်ထားကြောင်း၊ တရားပြိုင်ဦးထွန်းဝင်းသည် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ပြီး ဦးခင်လှမိတ်ဆက်ပေးမှုဖြင့် သိကျွမ်းခဲ့ကြောင်း၊ (၁၇-၈-၂၀၁၈)နေ့တွင် ဦးထွန်းဝင်းမှ သံချောင်းများ ၄၉၄၄၀၀၀၀/-ဖိုးဝယ်ယူခဲ့ကြောင်း၊ စရံငွေသိန်း(၂၀၀) ပေးချေခဲ့ပြီး ကျန်ငွေ ၂၉၄၄၀၀၀၀/-ကို တစ်ပတ်အတွင်း ပေးချေမည်ဖြစ်ကြောင်းပြောဆိုကာ ဘောက်ချာဖွင့်လှစ်ပြီး ပစ္စည်းများအား (၁၈-၈-၂၀၁၈)နေ့တွင် ဂိုဒေါင်မှ ယူသွားခဲ့ကြောင်း၊ (၂၅-၈-၂၀၁၈) နေ့တွင် ဦးထွန်းဝင်း ထပ်မံရောက်လာပြီး သံချောင်းများ ၂၂၀၈၀၀၀၀/-ဖိုးကို ဘောက်ချာဖွင့်လှစ် ဝယ်ယူခဲ့ကြောင်း၊ ဦးထွန်းဝင်းက (၁၇-၈-၂၀၁၈)နေ့က ပစ္စည်းဖိုးကျန်ငွေနှင့် စုစုပေါင်း ၅၁၅၂၀၀၀၀/-ကို တစ်ပတ်အတွင်းအပြေအကျေပေးချေမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြောင်း၊ တစ်ပတ်ပြည့်သည့်အခါ ဦးထွန်းဝင်းထံဖုန်းဆက်တောင်းသည့်အခါ (၁၄-၉-၂၀၁၈)နေ့တွင်လာရောက်ပြီး သိန်း(၂၅၀)ချက်လက်မှတ်ပေးခဲ့ကြောင်း၊ (၁၇-၉-၂၀၁၈)

(သန်းဇော်ဦး)
ဒုတိယခရိုင်တရားသူကြီး (၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

နေ့တွင် ဘဏ်သို့သွား၍ ငွေထုတ်ရာ ဦးထွန်းဝင်း၏ ဘဏ်အကောင့်တွင် သိန်း(၂၅၀) မရှိသည့်အတွက် ထုတ်၍မရခဲ့ကြောင်း၊ ဦးထွန်းဝင်းထံ ဖုန်းဆက်ပြောပြရာ တစ်ရက်နှစ်ရက်အတွင်း အပြေအကျေ လာရောက်ပေးအပ်မည်ဖြစ်ကြောင်း ပြောသော်လည်း လာရောက်ပေးဆပ်ခြင်းမရှိဘဲ ရှောင်တိမ်းနေကြောင်း၊ ဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ်၍ တောင်းသော်လည်း လာရောက်ပေးအပ်ခြင်းမရှိကြောင်း၊ ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာပေးပို့တောင်းခံရာတွင်လည်း ပေးဆပ်ခြင်း မရှိကြောင်း စသည်ဖြင့် အဆိုပြုထားသည်။

တရားပြိုင်ထံထုတ်ဆင့်သော သမ္မာန်စာအား တရားပြိုင်၏ ဇနီးမှ လက်ခံရယူခဲ့သော်လည်း တရားပြိုင်လာရောက်ခြင်းမရှိသောကြောင့် တရားမကျင့်ထုံးအမိန့် ၉ နည်း ၆(၁)(က) အရ တစ်ဖက်သတ်စစ်ဆေး ဆောင်ရွက်ခဲ့သည်။

တရားလိုဦးဌေးလွင်အား စစ်ဆေးရာတွင် (၁၇-၈-၂၀၁၈)နေ့က ဦးထွန်းဝင်းမှ သံချောင်းများ စုစုပေါင်း ၄၉၄၄၀၀၀၀ိ/-ဖိုးဝယ်ယူခဲ့ကြောင်း၊ စရံငွေသိန်း(၂၀၀) ပေးချေခဲ့ပြီး ကျန်ငွေ ၂၉၄၄၀၀၀၀ိ/-ကို တစ်ပတ် ဆယ်ရက်အတွင်း ပေးချေမည်ဖြစ်ကြောင်းပြောဆိုကာ ပစ္စည်းများယူသွားခဲ့ကြောင်း၊ (၂၅-၈-၂၀၁၈) နေ့တွင် ဦးထွန်းဝင်း ထပ်မံရောက်လာပြီး သံချောင်းများ စုစုပေါင်း ၂၂၀၈၀၀၀၀ိ/-ဖိုးဝယ်ယူခဲ့ကြောင်း၊ ကျန်ငွေနှင့် ထပ်မံယူသည့် ပစ္စည်းဖိုး ၅၁၅၂၀၀၀၀ိ/-ကို ၂/၃ရက်နေလျှင် အပြေအကျေပေးချေမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြောင်း၊ ထို့နောက် ငွေလာမပေးသဖြင့် ဦးထွန်းဝင်းထံဖုန်းဆက်တောင်းသည့်အခါ (၁၄-၉-၂၀၁၈)နေ့ညနေပိုင်းတွင်လာရောက်ပြီး သိန်း(၂၅၀)ချက်လက်မှတ်ပေးခဲ့ကြောင်း၊ ကျန်ငွေများကို တစ်ပတ်/ဆယ်ရက်ကြာလျှင် အပြေအကျေရှင်းပေးမည်ဟု ပြောဆိုခဲ့ကြောင်း၊ (၁၇-၉-၂၀၁၈)နေ့တွင် ဘဏ်သို့သွား၍ ငွေထုတ်ရာ ဦးထွန်းဝင်း၏ ဘဏ်အကောင့်တွင် ငွေမရှိသဖြင့် ထုတ်၍မရခဲ့ကြောင်း၊ ဦးထွန်းဝင်းထံဖုန်းဆက်အကြောင်းကြားရာ ၁/၂ရက်နေလျှင် ငွေထည့်ပေးမည်ဖြစ်ကြောင်း ပြောဆိုသော်လည်း ထည့်မပေးကြောင်း၊ ငွေပေးအပ်မည့်အကြောင်း ဦးထွန်းဝင်းက အကြိမ်ကြိမ်ပြောဆိုသော်လည်း အကြောင်းအမျိုးမျိုးပြပြီး မပေးသဖြင့် ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာပေးပို့ခဲ့ရာတွင်လည်း လာရောက်ပေးအပ်ခြင်းမရှိကြောင်း ထွက်ဆိုပြီး (၁၇-၈-၂၀၁၈)ရက်စွဲပါ ဘောက်ချာအား သက်သေခံ(က)၊ (၂၅-၈-၂၀၁၈)ရက်စွဲပါ ဘောက်ချာအား သက်သေခံ(ခ)၊ (၁၈-၈-၂၀၁၈)ရက်စွဲပါ ကုန်ပစ္စည်း ထုတ်ယူသည့်ပြေစာ(၂)စောင်အား သက်သေခံ(ဂ)(ဂ-၁)၊ တရားပြိုင်ရေးပေးခဲ့သည့် ချက်လက်မှတ်အား သက်သေခံ(ဃ)၊ (၇-၁-၂၀၁၉) ရက်စွဲပါအကြောင်းကြားစာအား သက်သေခံ(င)၊ (၂၄-၁-၂၀၁၉)ရက်စွဲပါ တရားပြိုင်မှ အကြောင်းပြန်ကြားစာအား သက်သေခံ(စ)အဖြစ် တင်သွင်းခဲ့သည်။

ဦးခင်လှ(လိုပြ-၁)က ဦးထွန်းဝင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း၊ ဦးထွန်းဝင်းနှင့်ဦးဌေးလွင်အား ၎င်းမှ မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဦးထွန်းဝင်းက ဦးဌေးလွင်၏ဆိုင်မှ အိမ်ဆောက်ပစ္စည်းများ ဝယ်ယူရာတွင် တစ်ဝက်ပေး တစ်ဝက်ချန်ဖြင့် ရောင်းချပေးရန် တောင်းဆိုရာ ဦးဌေးလွင်က သဘောတူခဲ့ကြောင်း၊ (၁၇-၈-၂၀၁၈)နေ့က ဦးထွန်းဝင်းက ဦးဌေးလွင်ဆိုင်မှ အိမ်ဆောက်ပစ္စည်း သံများစုစုပေါင်း ၄၉၄၄၀၀၀၀ိ/-ဖိုး

(သန်းဇော်ဦး)
ဒုတိယခရိုင်တရားသူကြီး (၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဝယ်ယူခဲ့ပြီး စရံငွေသိန်း(၂၀၀)ပေးခဲ့ကြောင်း၊ (၂၅-၈-၂၀၁၈)နေ့တွင် ၂၂၀၈၄၀၀၀၀ိ/- ဖိုးထပ်မံဝယ်ယူသွားကြောင်း ဦးဌေးလွင်က ဖုန်းဆက်ပြောပြ၍ သိရကြောင်း၊ ဦးထွန်းဝင်းမှ ငွေထုတ်မရသော ချက်လက်မှတ်တစ်စောင်လာပေးသွားကြောင်း ဦးထွန်းဝင်းပြောပြ၍ သိရကြောင်း ထွက်ဆိုခဲ့သည်။

ဦးစည်သူကျော်(လိုပြ-၂)က တရားလိုဆိုင်တွင် ယာဉ်မောင်းလုပ်ကိုင်ကြောင်း၊ ဦးထွန်းဝင်းဝယ်ယူသည့် သံချောင်းများကို ကားနှစ်စီးဖြင့်လာသယ်သောကြောင့် ကားပေါ်တင်ပေးခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။

ဦးဝေဖြိုးသာ(လိုပြ-၃)က တရားလို၏ဆိုင်တွင် မန်နေဂျာအဖြစ် လုပ်ကိုင်ကြောင်းနှင့် တရားလို၏ ထွက်ဆိုချက်များကို ထောက်ခံထွက်ဆိုခဲ့သည်။

တရားလို၏ဇနီးဒေါ်ကြည်ကြည်မော်(လိုပြ-၄)ကလည်း တရားလို၏ထွက်ဆိုချက်များကို ထောက်ခံထွက်ဆိုခဲ့သည်။

ဦးလေးသိန်း(လိုပြ-၅)က တရားလို၏ဆိုင်တွင် အလုပ်သမားအဖြစ် လုပ်ကိုင်ကြောင်း ဦးထွန်းဝင်းဝယ်သည့် သံချောင်းများကို လာသယ်သည့်ကားပေါ်သို့ တင်ပေးခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။

တရားလိုဘက်ထွက်ဆိုချက်များနှင့် တင်ပြထားသော စာရွက်စာတမ်းများအရ (၁၇-၈-၂၀၁၈)နေ့တွင် တရားပြိုင်က တရားလို၏ဆိုင်မှ သံချောင်းများစုစုပေါင်း ၄၉၄၄၀၀၀၀ိ/- ဖိုးဝယ်ယူခဲ့ရာ စရံငွေသိန်း(၂၀၀)ပေးချေခဲ့ပြီး ၂၉၄၄၀၀၀၀ိ/- ပေးရန် ကျန်ရှိကြောင်း၊ (၂၅-၈-၂၀၁၈)နေ့တွင် သံချောင်းများ စုစုပေါင်း ၂၂၀၈၀၀၀၀ိ/-ဖိုး ဝယ်ယူခဲ့ကြောင်း၊ တရားပြိုင်မှ ပစ္စည်းဖိုးစုစုပေါင်း ၅၁၅၂၀၀၀၀ိ/-ပေးရန်ကျန်ရှိကြောင်း တွေ့ရသည်။ တရားပြိုင်က သိန်း(၂၅၀)ချက်လက်မှတ်ပေးခဲ့သော်လည်း ငွေထုတ်ယူမရခဲ့ကြောင်း၊ တရားပြိုင်ထံ ငွေများတောင်းသော်လည်း ပေးဆပ်ခြင်း မရှိကြောင်း ပေါ်ပေါက်သည်။ တရားလိုက တောင်းဆိုသော သက်သာခွင့်ကို ခိုင်လုံစွာ တင်ပြနိုင်သည်ကို တွေ့ရသည်။ သို့ဖြစ်၍ တရားလိုတောင်းဆိုသော သက်သာခွင့်ကို ရထိုက်ပေသည်။

ထို့ကြောင့် တရားပြိုင်ဦးထွန်းဝင်းသည် တရားလိုဦးဌေးလွင်သို့ ပစ္စည်းဖိုးပေးရန် ကျန်ငွေ ၅၁၅၂၀၀၀၀ိ/-(ကျပ်သိန်းငါးရာတစ်ဆယ့်ငါးသိန်းနှစ်သောင်းတိတိ)အား စရိတ်နှင့်တစ်ကွ ပေးဆပ်စေရန် တရားလိုအား တစ်ဖက်သတ်အနိုင်ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် ၃၀၀၀ိ/- သတ်မှတ်သည်။

(သန်းဇော်ဦး)
ဒုတိယခရိုင်တရားသူကြီး (၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး